သမ္မာကျမ်းဆိုင်ရာအတွေးအမြင်

ထိုသူတို့စောလျင်စွာအသက်ဆုံးကြသောအခါ

"ထိုသို့ပေါလုဆိုပြီးလျှင် ဒူးထောက်၍ထိုသူအပေါင်းတို့နှင့်တကွဆုတောင်းလေ၏။ ထိုသူအပေါင်းတို့သည်အလွန်ငိုကြွေး၍ ပေါလု၏လည်ပင်းကိုဖက်ယမ်းလျက်သူ့ကိုနမ်းကြ၏။ နောက်တစ်ဖန်သူ၏မျက်နှာကိုမမြင်ရဟူသောစကားကြောင့်သာ၍ကြေကွဲသောစိတ်နှင့်ပေါလုကိုသင်္ဘောသို့ပို့လိုက်ကြ၏" (တမန်တော်ဝတ္ထု ၂၀း၃၆-၃၈)

မကြာသေးမီကပင် ကျွန်ုပ်၏တပည့်ဟောင်းတစ်ဦး အသတ်ခံရသည့်သတင်းကိုကြားခဲ့ရသည်။ အသက်၂၅နှစ်ပင် မပြည့်သေးသည့် ထိုလူငယ်လေးသည် သူယုံကြည်သည့်လမ်းကိုလျှောက်လှမ်းရင်း အသက်စွန့်သွားခဲ့သည်။ သူ့အကြောင်းသည် သူရဲကောင်းတစ်ဦးသဖွယ်လူများစွာတို့အတွက် စိတ်ခွန် အား၊ စစ်မှန်သောလုပ်ဆောင်ခြင်းနှင့် မေတ္တာတရားတို့ကိုပြသခဲ့သည်။ မိမိအသက်နှင့်ရင်း၍ ယုံကြည် သည့်အရာအပေါ်တွင် အသက်ရှင်ရပ်တည်လျှက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော်ငယ်ရွယ်သောအရွယ်တွင်သေဆုံးခဲ့ခြင်းကြောင့် လွန်စွာစိတ်မကောင်းဖြစ်ရသည်။ ရင်ထဲ တွင်ဟာကွက်ကြီးသဖွယ် ဖြေဆည်မရခံစားရသည်။ သူ့ကိုသိကျွမ်းချစ်ခင်သောသူတို့အဖို့ ရိုက်ခတ်မှုက ပြင်းထန်လှပါသည်။ ကျွန်ုပ်၏တပည့်လေးကဲ့သို့ပင် အခြားမြောက်များစွာသော သူရဲကောင်းတို့၏ အသက်စွန့် အသေခံရခြင်း၌ မည်သည့်ကောင်းကျိုးများရှိပါသနည်း။

ဤအကြောင်းနှင့်ပတ်သက်၍ ရှင်ပေါလုက တိုက်ရိုက်ဖြေဆိုထားခြင်းမရှိသော်လည်း အကူအညီဖြစ်စေမည့်အတွေးအမြင်ကို တမန်တော်ဝတ္ထုအခန်းကြီး ၂၀၊ ဧဖက်မြို့ရှိ အသင်းတော်ခေါင်းဆောင်များ နှင့် နောက်ဆုံးနှုတ်ဆက်စကားပြောကြားရာ၌ ဖော်ပြထားသည်။ ပင်လယ်ခရီးမထွက်ခွာမီ အသင်းတော်ခေါင်းဆောင်များနှင့်နောက်ဆုံးအကြိမ်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ မကြာမီပင် မတရားအဖမ်းဆီးခံရ၍ အသတ်ခံရမည်ကို ကြိုသိနေသဖြင့် အသင်းတော်ခေါင်းဆောင်များနှင့်နှုတ်ဆက်စကားကို ပေါလုပြောကြားလိုခြင်းဖြစ်သည်။ နှလုံးကြေကွဲရမည့် ထိုသူတို့အတွက် ပေါလုဆုတောင်းပေးပြီး အတူရှိခဲ့သည့်အချိန်များကို သတိရခြင်း၊ ယေရှုခရစ်၏အကြောင်းနှင့်သူ၏ဥပမာများအတိုင်းအသက်ရှင်သန်ကြရန်မှာကြားခြင်းများကို ရှင်ပေါလုတိုက်တွန်းခဲ့သည်။

ပေါလုက "ညီအစ်ကိုတို့ ယခုငါသည်သင်တို့ကို ဘုရားသခင်၌အပ်နှံ၏။ သင်တို့ကိုတည်ဆောက်ခြင်းငှာလည်းကောင်း၊ သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူသင်တို့အား အမွေပေးခြင်းငှာလည်းကောင်း၊ တတ်နိုင်သောဘုရားသခင်၏ကျေးဇူးတော်တရား၌လည်း သင်တို့ကို ငါအပ်နှံ၏"ဟုပြောကြားခဲ့သည်။ ထပ်မံ၍လည်း ပေါလုက "ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍အားနည်းသောသူတို့ကိုမစရမည်ကို

လည်းကောင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည်သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှု မိန့်တော်မူသောစကားတော်ကိုအောက်မေ့ရမည်ကိုလည်းကောင်း အရာရာ၌သင်တို့အားငါပြသပြီ" ဟူ၍ ရှင်ပေါလုသွန်သင်ခဲ့သည်။ (တမန်တော်ဝတ္ထု၂၀း၃၂,၃၅)

ဤသွန်သင်ချက်ဥပမာသည် နက်နဲသိမ်မွေ့လှသည်။ ဆုံးရှုံးခြင်းနှင့်ဒုက္ခဆင်းရဲခြင်းထဲတွင် သင်တစ်ဦးတည်းရှိနေသည်မဟုတ်ပါ။ မျှော်လင့်ခြင်းမရှိသည်လည်းမဟုတ်ပေ။ အကုန်ဆုံးရှုံးလိုက်ရခြင်း မဟုတ်ပါ။ နာကြင်ဖွယ်ဘဝအတွေ့အကြုံများ၊ နှလုံးကြေမွရသောဆုံးရှုံးမှုများကြောင့် သင်အရှုံးမခံလိုက် ပါနှင့်။ သင့်ဘဝအတွက် ဘုရားသခင်ပြင်ဆင်ထားသောအကြံအစည်ရှိနေပါသေးသည်။ ထိုအကြံအစည် ထမြောက်ရမည့်လမ်းကို ယေရှုက ပြသခဲ့ပြီးဖြစ်ပါသည်။

စောလျင်စွာသေဆုံးရသည့်အတွက် အဓိပ္ပာယ်မရှိဟူ၍သင်ခံစားရနိုင်သော်လည်း၊ အလကား သက်သက်မျှမဟုတ်ပါ။ ကျွန်ုပ်တို့ချစ်ခင်ရသော၊ လေးစားရသော၊ တန်ဖိုးထားရသောသူများ ထွက်ခွာ သွားသောအခါ သူတို့ပေးထားသည့်အရာများသည် ကျွန်ုပ်တို့နှင့်အတူရှိနေဆဲဖြစ်သည်။ ထိုသူတို့နှင့် အမှတ်တရ ကျန်ရှိခြင်းများက သင့်ကိုစိတ်ခွန်အားပေးနေမည်ဖြစ်သည်။ ထို့အတူ ဘုရားသခင်၏ "ဆုကျေးဇူးစကားတော်များ" ကကြေကွဲနေသောနှလုံးသားကိုကုစား၍ စိတ်ဝိညာဉ်ကိုခွန်အားဖြစ်စေမည် ဖြစ်သည်။ မိမိတစ်ကိုယ်တည်းအကျိုးကိုမရှုဘဲ၊ အများသူတို့အကျိုးအတွက်ရှုမြင်ကြည့်သောအခါ ထိုသို့စောလျင်စွာသေဆုံးရသူတို့၏အကြောင်းများသည် အကျိုးမဲ့မဟုတ်ဘဲ၊ ပြည့်လျှံသောဘဝများ ဖြစ်သည်ကို သင်ခံစားနားလည်သွားမည်ဖြစ်သည်။

ဤသည်မှာ ဆုံးရှုံးမှုများစွာကိုခံစားနေရသည့် မြန်မာပြည်သူတို့အတွက် ကျွန်ုပ်၏ဆုတောင်းခြင်းဖြစ် သည်။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်...

ဦးထင်ကျော်@Dr. Tim

"ခရစ်တော်ယေရှုအားဖြင့် ငါတို့ကိုထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော၊ခပ်သိမ်းသော ကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကိုစုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်"(ရှင်ပေတရုဩဝါဒစာ ပထမစောင် ၅း၁၀)

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဌေ့ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

ဓာတ်ပုံ - မယ်လဒုက္ခသည်စခန်းရှိအထိမ်းအမှတ်ကျောက်တိုင်